# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သတင်းလွှာ

Ministry of Health and Sports
Newsletter

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

အတွဲ (၁)၊ အမှတ် (၃)





## ထိရောက်သော ပညာရပ်ဆိုင်ရာ ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းမှုအများဆုံးရရှိစေရန် ဘဏ္ဍာငွေကို စနစ်တကျစီမံခန့်ခွဲခြင်း

ယခု ၂၀၁၇ ခုနှစ်ကတော့ "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းစီမံချက်များ၏ စွမ်းဆောင်မှုကို ပညာရပ် ဆိုင်ရာ ရှုထောင့်မှ အမြဲမပြတ် ဆန်းစစ် လေ့လာနေရမှာဖြစ်ပြီး ကုန်ကျစရိတ်နှင့် လျော်ညီသော ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲရမည့်" နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ ဘဏ္ဍာငွေများကို သင့်တော်မည့်နေရာတွေမှာ ကျိုးကြောင်းခိုင်လုံစွာဖြင့် ခွဲဝေသုံးစွဲရမှာဖြစ်ပြီး မသင့်တဲ့နေရာတွေမှာ သုံးစွဲခြင်းနှင့် လေလွင့်ဖြုန်းတီးမှုကိုလည်း ရှောင်ရှားကြရမှာဖြစ်ပါတယ်။ အကြောင်းကတော့ မြန်မာနိုင်ငံဟာ ချမ်းသာတဲ့နိုင်ငံ မဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံသည့် ငွေပမာဏထက် ပိုမိုအကျိုးရှိတဲ့ ဝန်ဆောင်မှုများ၊ ရလဒ်များရရှိအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ယခုလိုအကျိုးရလဒ်များ ရရှိဖို့အတွက် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေအပြင် အခြားသော ပြင်ပအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ရရှိလာသော ဘဏ္ဍာငွေများကို အထိရောက်ဆုံးနှင့်အကျိုးဖြစ်ထွန်းမှုအများဆုံးရရှိစေရန် စနစ်တကျဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ယခုလိုလုပ်ဆောင်မှုများကို အားဖြည့်ပေးမည့်လုပ်ငန်းရပ်များအနေနဲ့ ထိရောက်သော ဌာနတွင်းပြန်လည်ဆန်းစစ်လေ့လာခြင်းနှင့် စီမံချက်လုပ်ငန်းများကိုပညာရပ်ပိုင်းဆိုင်ရာမှ ဆန်းစစ်မှုများ ပုံမှန်ပြုလုပ်ရန်ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ဆောင်မှု အဆင့်တိုင်းမှာရှိတဲ့ ပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် အဆိုပါအချက်တို့၏ အရေးပါမှုကို မိမိတို့ စိတ်သန္တန်အတွင်း နက်ရှိုင်းစွာ စွဲမြဲမှတ်ယူထားရမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေများကို ခွဲဝေသုံးစွဲရာမှာ "ကောင်းမွန်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များ"၏နိယာမများ၊ လက်တွေ့လုပ်ငန်းစဉ်များကို လိုက်နာရမှာဖြစ်ပါတယ်။ ရလဒ်ကောင်းများရရှိစေရန် မိမိတို့အနေနဲ့အားလုံးကို ခြုံငုံပေါင်းစပ်၍ မိမိတို့ဦးနှောက်ကိုအစွမ်းကုန်အသုံးချစဉ်းစားရန်လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာစဉ်းစားချင့်ချိန်ပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်တဲ့နည်းလမ်းများစွာ ရှိပါတယ်။ ဥပမာ - ကောင်းမွန်ထိရောက်စွာသုံးစွဲနိုင်ပြီး တန်ဖိုးအားဖြင့် သင့်တော်တဲ့ပစ္စည်းကိရိယာများဝယ်ယူခြင်း၊ ကျန်းမာရေးလုပ်ငန်းစီမံချက်များတွင် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းအား တစ်ပါတည်းထည့်သွင်းထားရှိခြင်း၊ ဘဏ္ဍာငွေများကို စနစ်တကျစီမံခန့်ခွဲ၍အသုံးပြုခြင်း စသည်တို့ဖြစ်ပါတယ်။

ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာ တိုးတက်လာရန်နှင့် ဘဏ္ဍာငွေများကို လက်တွေ့စီမံခန့်ခွဲတဲ့နေရာမှာ နိုင်ငံတော်မှ သတ်မှတ်ထားရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်သလို နိုင်ငံတကာမှ စံအဖြစ် သတ်မှတ်ထားရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်လည်း လိုက်လျောညီထွေရှိရန် လိုအပ်ပါတယ်။ အထက်မှာဖော်ပြထားတဲ့ ရလဒ်ကောင်းများကို ရရှိစေရန်အတွက် အကောင်းဆုံး နည်းလမ်းကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများအကြားမှာ ကောင်းမွန်တဲ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အတွေ့အကြုံများနှင့် အသိပညာများကို မျှဝေကြခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အန္တိမရည်မှန်းချက်ကတော့ ဘဏ္ဍာငွေပမာဏ အနည်းဆုံး သုံးစွဲပြီး အကျိုးဖြစ်ထွန်းမှု အများဆုံး ရရှိစေဖို့ပဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူများက ဦးဆောင်ပြီး ဝန်ကြီးဌာနရှိအရာရှိကြီးများမှလည်း အနီးကပ်ကြီးကြပ်လမ်းညွှန်မှုများပေးရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနမှလုပ်ဆောင်နေတဲ့ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို စုစည်း၍ ဆန်းစစ်သုံးသပ်ရာမှာ လုပ်ငန်းစာရင်းများဖြင့် ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးမှုများပြုလုပ်၍ ဆန်းစစ်သုံးသပ်ခြင်းနှင့် အခြားသင့်တော်သော နည်းလမ်းများအသုံးပြု၍ ယခုနှစ်တစ်နှစ်တာ ကာလပတ်လုံး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အမှာစကားတစ်ခုမှကောက်နှုတ်ချက်)*

# ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၏ တက်ရောက်ခဲ့သည့် အဓိကအခမ်းအနားများနှင့်တွေ့ဆုံဆွေးနွေးပွဲများ

- ၂-၁၂-၂၀၁၆
  - ဆွစ်ဇာလန်နိုင်ငံမှ UICC (Union for International Cancer Control) အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - Royal College of Psychiatrists အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားဖွင့်လှစ်ခြင်း။
  - သစ်လွင်သူနာပြုများခန့်အပ်တာဝန်ပေးအပ်ခြင်းအခမ်းအနားတက်ရောက်ခြင်း။
  - Universal Health Coverage (UHC) Panel Discussion for the National Health Plan အစည်းအဝေး တက်ရောက်ခြင်း။
- ၅-၁၂-၂၀၁၆
  - GAVI - The Vaccine Alliance PCA Team အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၈-၁၂-၂၀၁၆
  - ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းစတင်ခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
- ၁၀-၁၂-၂၀၁၆
  - Nippon Foundation အဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း။
  - ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း။
- ၁၁-၁၂-၂၀၁၆
  - တောင်ငူပြည်သူ့ဆေးရုံကြီးအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း။
- ၁၂-၁၂-၂၀၁၆
  - အမျိုးသားအဆင့် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ H.E. Mr.Vikram Misri နှင့် တွေ့ဆုံခြင်း။
- ၁၃-၁၂-၂၀၁၆
  - National Consultative Meeting : To Devolop Five-Year Strategic Plan for School Health (2017-2022) အခမ်းအနားသို့တက်ရောက်ခြင်း။
  - ရန်ကုန်မြို့အခြေစိုက် ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mrs. Luan Thuy Duong ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံခြင်း။
- ၁၄-၁၂-၂၀၁၆
  - မြန်မာနိုင်ငံအမျိုးသားအဆင့် ကျန်းမာရေးဓာတ်ခွဲခန်းများ မူဝါဒ မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
  - Sasakawa Memorial Health Foundation မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
  - National Strategic Planning Workshop on Cancer Control in Myanmar မှ Facilitators များနှင့်တွေ့ဆုံခြင်း။
- ၁၅-၁၂-၂၀၁၆
  - အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အသိပေးဖြန့်ဝေခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
  - UNICEF အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - The World Bank မှ Dr. Toomas Palu (Health and Nutrition Practice Manager, East Asia Region)နှင့် အဖွဲ့အားတွေ့ဆုံခြင်း။
- ၁၆-၁၂-၂၀၁၆
  - မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များအားတွေ့ဆုံခြင်း။
  - Voluntary Service Overseas (VSO) Country Director နှင့်အဖွဲ့အားတွေ့ဆုံခြင်း။
- ၁၉-၁၂-၂၀၁၆
  - ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဆိုင်ရာအသိပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခြင်း။
  - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာအသိပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - 3MDG အဖွဲ့နှင့်တွေ့ဆုံခြင်း။
- ၂၀-၁၂-၂၀၁၆
  - Architect for International Development (UK) မှ Mr. Robin Cross and Mr. Michael Marett Crosby နှင့် အဖွဲ့အားတွေ့ဆုံခြင်း။
  - Johns Hopkins University, Gates Foundation and Myanmar Partners in Policy and Research (MPPR) အဖွဲ့အားတွေ့ဆုံခြင်း။

- ၂၁-၁၂-၂၀၁၆ - အမျိုးသားအဆင့်သူနာပြုနှင့်သားဖွား နှီးနှောဖလှယ်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Sinopharm International Corporation မှ Mr. Fu Qiang, Chief Engineer ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံခြင်း။
- ၂၃-၁၂-၂၀၁၆ - ပြင်ဆင်ဖြည့်စွက်မည့်သူနာပြု၊ သားဖွားဝတ်စုံများမိတ်ဆက်ပြသခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
  - ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိယာဉ်မတော်တဆမှုကြောင့်ထိခိုက်ဒဏ်ရာရသူများအားသွားရောက် ကြည့်ရှုအားပေးခြင်း။
  - ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ရှိကျောင်းသား/သူများနှင့်တွေ့ဆုံခြင်း။
- ၂၄-၁၂-၂၀၁၆ - ဇီဝိတဒါနသံဃာ့ဆေးရုံကျောက်ကပ်သွေးသန့်စင်စက်ဖွင့်ပွဲတက်ရောက်ခြင်း။
  - ဗဟိုအမျိုးသမီးဆေးရုံကြီးဝန်ထမ်းအိမ်ရာနှင့်ကလေးဆေးရုံကြီးရှိဆေးရုံကြီးကြပ်ဆေးဆိုင်အားကြည့်ရှုစစ်ဆေးခြင်း။
- ၂၅-၁၂-၂၀၁၆ - ကြို့ကုန်းငှက်ဖျားဌာနနှင့်ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းအထူးတိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးခြင်း။
- ၂၇-၁၂-၂၀၁၆ - အီလက်ထရောနစ်ပြည်သူ့ကျန်းမာရေးသတင်းစနစ်အသုံးပြုခြင်းအသိပေးရှင်းလင်းပွဲ (Awareness Raising of E-HMIS using DHIS2) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ဦးဆောင်သော (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၂၈-၁၂-၂၀၁၆ - ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Antonio J.M de Souzae Silva နှင့် အဖွဲ့အားတွေ့ဆုံခြင်း။
- ၂၉-၁၂-၂၀၁၆ - ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရှေ့ပိုင်းဆေးရုံနှင့် သန်လျင်ဆေးရုံကြီးအားကြည့်ရှုစစ်ဆေးခြင်း။
- ၃၀-၁၂-၂၀၁၆ - ဆေးတက္ကသိုလ်(၁)နှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတက်ရောက်ခြင်း။

## ပြီးပြည့်စုံသောကျောင်းကျန်းမာရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂) ရေးဆွဲရေး အမျိုးသားအဆင့်ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ပြီးပြည့်စုံသောကျောင်းကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၂) ရေးဆွဲရေး အမျိုးသားအဆင့် ညှိနှိုင်းအစည်းအဝေး (National Consultative Meeting for Comprehensive School Health Program) (2017-2022)ကို ဒီဇင်ဘာလ(၁၃)ရက်နေ့မှ(၁၅)ရက်နေ့အထိ နေပြည်တော်၌ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဂန်ကြီးဌာနတို့မှ ပြည်ထောင်စုဂန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့်ပညာရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတာဝန်ရှိသူများ၊ ကျောင်းကျန်းမာရေးအတိုင်ပင်ခံပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် ကျောင်းကျန်းမာရေးလုပ်ငန်းသည် မွန်မြတ်သော၊ အရေးကြီးသော လုပ်ငန်းဖြစ်ကြောင်း ပြောကြားပါသည်။ ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေးက ကျောင်းကျန်းမာ




ရေးလုပ်ငန်းနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေး လုပ်ငန်းများအား အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကျောင်းသားလူငယ်များရင်ဆိုင်နေရသည့်ကျန်းမာရေးပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်မည့် လက်တွေ့အကောင်အထည်ဖော်နိုင်သော ငါးနှစ်တာကျောင်းကျန်းမာရေး မဟာဗျူဟာ စီမံကိန်းတစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ဆောင်သွားနိုင်ရန်နှင့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အသိပေးဖြန့်ဝေခြင်းအခမ်းအနားကျင်းပခြင်း




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) အား အသိပေး ဖြန့်ဝေခြင်း အခမ်းအနားကို (၁၅-၁၂-၂၀၁၆)ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားခဲ့ပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ကို ရေးဆွဲချမှတ်နိုင်ခြင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ နောင်လာမည့် (၅)နှစ်တာကာလတွင် ဤစီမံကိန်းပေါ်တွင်အခြေခံ၍ ပိုမိုထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြန်ဆုံးရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှလည်း မိမိတို့စိတ်ဝင်စားပြီး အဖွဲ့အစည်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီသော အခန်းကဏ္ဍများတွင် ပါဝင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခင်က ရေးဆွဲထားသည့် ကျန်းမာရေးစီမံကိန်းများနှင့်မတူ ကွဲပြားခြားနားပြီး လက်ရှိအစိုးရ ကျန်းမာရေးအသုံးစရိတ်နှင့် အရင်းအမြစ်များဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော အမျိုးသား ကျန်းမာရေး စီမံကိန်းတစ်ခုအဖြစ် ရေးဆွဲထားပါကြောင်း ဆက်လက်ပြောကြားပါသည်။

အဆိုပါ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက် အဖွဲ့အစည်းများ၊ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးကျင်းပခြင်း

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၄/၂၀၁၆)အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ (၁၉-၁၂-၂၀၁၆)ရက်နေ့တွင် ကျင်းပခဲ့ရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှသာ ပြည်သူလူထုအတွက် ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများအနေဖြင့် ဓာတ်ခွဲခန်းများ၏ အရည်အသွေးမြင့်မားရေး၊ စာရင်းဇယားများ မှန်ကန်စွာရရှိရေး၊ လူနာများကို အရည်အသွေး ပြည့်ဝစွာ စောင့်ရှောက်ကုသမှုပေးနိုင်ရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများ ဖွံ့ဖြိုးလာစေရေး၊ ပုဂ္ဂလိကစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရေး၊ တာဝန်ခံမှုရှိသော၊ ကျင့်ဝတ်နှင့်အညီ အကောင်အထည်ဖော်လုပ်ကိုင်သောလုပ်ငန်းများဖြစ်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့မှ ထိရောက်သော မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးပြီး လက်ရှိအခြေအနေကို ခြုံငုံသုံးသပ်ကာ လိုအပ်ချက်များ ပြုပြင်နိုင်စေရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပါသည်။



အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် နီးနွယ်ဌာနများမှတာဝန်ရှိသူများ၊မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

## အမျိုးသားအဆင့် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲကျင်းပခြင်း




အမျိုးသားအဆင့်ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးညှိနှိုင်းဆွေးနွေးပွဲ (Strategic Planning Meeting on National Cancer Control Programme) ဖွင့်ပွဲအခမ်းအနားကို (၁၂-၁၂-၂၀၁၆)ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် "ကင်ဆာရောဂါဝေဒနာခံစားရပါက စိတ်ဖိစီးမှုဝေဒနာအပြင် ၎င်း၏မိသားစုဝင်များပါ ငွေကြေးကုန်ကျမှုများကို ရင်ဆိုင်ရလေ့ရှိပါကြောင်း၊ ဘဝနေထိုင်မှုအရည်အသွေး (Quality of Life) ကျဆင်းသွားနိုင်ပါကြောင်း၊ နိုင်ငံအတွင်း ကင်ဆာရောဂါပြဿနာသည် မည်မျှအထိကြီးမားနေသည်ကို တိကျစွာ သိရှိရန် သုတေသနလုပ်ငန်းများအပါအဝင် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိရှိရန်နှင့် မိမိတို့၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးတတ်သော အလေ့အထများ ရှိလာရန်လိုအပ်ပါကြောင်း၊ ကင်ဆာရောဂါကိုတိုက်ဖျက်ရာတွင် စီမံချက်မန်နေဂျာ၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အထူးသဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် အလွန်အရေးပါကြောင်း၊ ကုလသမဂ္ဂနှင့် အဖွဲ့အစည်းများ၊ IAEA, IARC စသည့် ကင်ဆာရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း" ပြောကြားပါသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံကိုယ်စားလှယ် Dr. Jorge M Luna နှင့် IAEA မှ ကိုယ်စားလှယ် Mr. Lucca Li Bassi တို့မှလည်း နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသားအဆင့် ကျန်းမာရေးဓာတ်ခွဲခန်းများမူဝါဒ မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနားကျင်းပခြင်း



မြန်မာနိုင်ငံ အမျိုးသားအဆင့် ကျန်းမာရေးဓာတ်ခွဲခန်းများမူဝါဒ မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနား (Dissemination Ceremony of Myanmar National Policy on Health Laboratories) အား (၁၄-၁၂-၂၀၁၆)ရက်နေ့၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကား ပြောကြားခဲ့ရာ၌ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပညာရပ်ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုရလဒ်များသည် တိကျမှန်ကန်ပြီး အချိန်မီရရှိရန်လိုအပ်ကြောင်း၊ကျန်းမာရေးစောင့်ရှောက်မှုတွင် ရောဂါကာကွယ်ခြင်းနှင့်ထိန်းချုပ်ကုသခြင်းတို့အတွက် မရှိမဖြစ်အရေးပါကြောင်း၊ ကျန်းမာရေးဓာတ်ခွဲခန်းများဆိုင်ရာမူဝါဒများချမှတ်ခြင်း၊ဘက်ပေါင်းစုံအရည်အသွေးမီကျန်းမာရေးဓာတ်ခွဲခန်း ဝန်ဆောင်မှုများရရှိရန် ဥပဒေရေးရာစည်းမျဉ်းများနှင့်အတူ စီမံကိန်းရေးဆွဲခြင်းတို့ လိုအပ်ပါကြောင်း၊ မူဝါဒကို အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ အဓိကမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းကိုမြှင့်တင်နိုင်သော ဓာတ်ခွဲခန်းဝန်ဆောင်မှုစနစ်ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါ ကျန်းမာရေးဓာတ်ခွဲခန်းများမူဝါဒတွင် တည်ဆဲဓာတ်ခွဲခန်းစနစ်အား ဘက်ပေါင်းစုံမှ ခြုံငုံသုံးသပ်ထားပြီး နိုင်ငံအတွက် ရေရှည်တည်တံ့မှုရှိကာ အရည်အသွေးမြင့်မားသည့် ဓာတ်ခွဲခန်းဂန်ဆောင်မှုများပေးနိုင်သော အခြေခံအကျဆုံးနယ်ပယ် (၈)ခုဖြင့် လမ်းညွှန်မှု ချမှတ်ထားပါသည်။

## အသည်းအစားထိုးခွဲစိတ်ကုသခြင်း

ရန်ကုန်မြို့၊ ခတင် (၅၀၀) အထူးကုဆေးရုံကြီး၌ အသည်းအစားထိုး ခွဲစိတ်ကုသခြင်းကို (၂၀၁၆) ခုနှစ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသည်းအစားထိုးခွဲစိတ်ကုသခြင်းကို (၂၀၀၄) ခုနှစ်တွင်တစ်ကြိမ်၊ (၂၀၀၉) ခုနှစ်တွင် တစ်ကြိမ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းနှစ်နောက်ပိုင်းများတွင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ (၂၀၁၆) ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အပြည့်အဝ ပံ့ပိုးမှုဖြင့် ကြိုတင် ပြင်ဆင်ခြင်း၊ ပညာသင်စေလွှတ်ခြင်းစသည့် International Collaboration အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital မှ Transplant Surgeon Prof. Lee အဖွဲ့နှင့် ရန်ကုန်မြို့၊ ခတင် (၅၀၀) အထူးကု ဆေးရုံကြီးမှ ဆရာဝန်ကြီးများပူးပေါင်း၍ (၆-၁၀-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ (၂၀-၁၂-၂၀၁၆) နှင့် (၂၁-၁၂-၂၀၁၆) ရက်နေ့များတွင်လည်းကောင်း၊ စုစုပေါင်း အသည်းအစားထိုး ခွဲစိတ်ကုသမှု (၃) ကြိမ် ဆောင်ရွက်ခဲ့ပြီး အသည်းလှူဒါန်းသူ (၃) ဦးနှင့် လူနာ (၃) ဦး၊ စုစုပေါင်း (၆) ဦးလုံးသည် ခွဲစိတ်မှုအောင်မြင်၍ ကျန်းမာလျက်ရှိကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနတို့ လိုက်ပါလျက် (၂၉-၁၂-၂၀၁၆) ရက်နေ့တွင် ခတင်(၅၀၀) အထူးကုဆေးရုံကြီးသို့လာရောက်ပြီး လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံအုပ်ကြီးနှင့် ခွဲစိတ်ပါမောက္ခတို့အား ဂုဏ်ပြုစကားများ ပြောကြားခဲ့ပါသည်။ ယခုအခါ ခတင် (၅၀၀) အထူးကုဆေးရုံကြီးတွင် အသည်းအစားထိုးခွဲစိတ်ကုသခြင်းနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။



## မိုးကြိုးဆာလ်ဖျူရစ်အက်ဆစ်စက်ရုံ ပတ်ဝန်းကျင်ရှိ လေ၊ ရေများကို တိုင်းတာခြင်း ဝန်ထမ်းများနှင့်ပြည်သူလူထုတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့သည် ဒီဇင်ဘာလ (၂၅)ရက်နေ့မှ (၃၀)ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကံကုန်းကျေးရွာရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မိုးကြိုးဆာလ်ဖျူရစ်အက်ဆစ်စက်ရုံ၊ အထက်တန်းကျောင်းနှင့် လေးညင်းတောင်ဘုရားတို့တွင် ပတ်ဝန်းကျင် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ ကျေးရွာအများသုံး ရေကန်နှင့် ယမားချောင်းမှ ရေနမူနာများ၊ စက်ရုံမှ ကျေးရွာသို့ ထောက်ပံ့ပေးနေသော သောက်သုံးရေ နမူနာများနှင့် စက်ရုံစွန့်ပစ်ရေနမူနာများကို ရယူ၍ သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိ အရည်အသွေး တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် စက်ရုံဝန်ထမ်း (၉၃)ဦး၊ ရွာသူ/ရွာသား (၁၈၄)ဦးနှင့် ကျောင်းသူ/ကျောင်းသား (၄၈) ဦးတို့အား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။





## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပခြင်း

“အားလုံးလက်တွဲကာကွယ် အိပ်ချ်အိုင်ဗွီကူးစက်မှုအန္တရာယ်” “HANDS UP FOR # HIV PREVENTION” ဆောင်ပုဒ်ဖြင့် ကျင်းပသော (၂၀၁၆) ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာလ(၂)ရက်နေ့ နံနက်ပိုင်း၌ နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် လူနာများအား အေအာတီဆေးဖြင့် ကုသခြင်းကို (၂၀၀၅)ခုနှစ်မှ စတင်ခဲ့ပြီး (၂၀၁၁)ခုနှစ်တွင် မြို့နယ်အဆင့်အထိတိုးချဲ့နိုင်ခဲ့ပါကြောင်း၊ အိပ်ချ်အိုင်ဗွီပိုး သွေးစစ်ဆေးခြင်းကိုလည်း ကျေးလက်ဒေသအထိ ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေး အစားထိုး မက်သာဒုန်ဆေး တိုက်ကျွေးခြင်းလုပ်ငန်း၊ မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်ခြင်းလုပ်ငန်းများကို မြို့နယ်အခြေပြု (၃၁၄) မြို့နယ်အထိ ဆောင်ရွက်ခဲ့ပြီး ဆေးရုံအခြေပြု လုပ်ငန်းများကို လာမည့် (၂၀၁၇) ခုနှစ်တွင် တစ်နိုင်ငံလုံး လွှမ်းခြုံမှု ရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) တွင် ဖော်ပြပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ကာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့



အစည်းတစ်ရပ် ပေါ်ထွက်နိုင်ရေး မျှော်မှန်းထားရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် Dr. Jorge M Luna ကလည်းကောင်း၊ ကုလသမဂ္ဂအေအိုင်ဒီအက်စ် အစီအစဉ်၏ သဝဏ်လွှာအား UNAIDS ဌာနေကိုယ်စားလှယ် Mr. Eamonn Murphy ကလည်းကောင်း ဖတ်ကြားခဲ့ပါသည်။

## ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းအစီအစဉ်များစတင်ဆောင်ရွက်ခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကလေးကျန်းမာရေးဖွံ့ဖြိုးရေး ဌာနခွဲမှကြီးမှူးကျင်းပသည့် “ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့်တုန့်ပြန်ဆောင်ရွက်ခြင်း” လုပ်ငန်းစတင်မှု အခမ်းအနားကို နေပြည်တော်ရှိ Grand Amara ဟိုတယ်တွင် (၈-၁၂-၂၀၁၆)ရက်နေ့က ကျင်းပရာ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၃)အရ ကာကွယ်၍ရသောအကြောင်းများကြောင့် မွေးကင်းစနှင့်ကလေးသေဆုံးမှုများကို အဆုံးသတ်နိုင်ရန်နှင့် သတ်မှတ်ထားသော ပန်းတိုင်ကို ရောက်ရှိရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသက်ငါးနှစ်အောက်ကလေးနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်းတို့သည် အရှေ့တောင်အာရှနိုင်ငံများအတွင်း မြင့်မားနေဆဲဖြစ်ပါကြောင်း၊ သို့ပါ၍ ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့်တုန့်ပြန်ဆောင်ရွက်ခြင်းအဖွဲ့များ (Child Death Surveillance and Response Team) ကိုအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားပါသည်။ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်နှင့် ကျန်းမာရေးတက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ ကလေးသေဆုံးမှုစောင့်ကြပ် လေ့လာခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းဆိုင်ရာ ဗဟိုအဆင့်ဆရာဖြစ်သင်တန်းကို ဒီဇင်ဘာလ(၁)ရက်နေ့မှ (၆)ရက်နေ့အထိ နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ သင်တန်းသား စုစုပေါင်း (၃၄)ဦး တက်ရောက်ခဲ့ကြပါသည်။

# ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံသစ်များ မိတ်ဆက်ပြသခြင်း

ကုသရေးဦးစီးဌာနမှ ကျင်းပသည့် ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများ မိတ်ဆက်ပြသခြင်း အခမ်းအနားကို (၂၃-၁၂-၂၀၁၆)ရက်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနက် သူနာပြု၊ သားဖွားများသည် အရေအတွက်အများဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် သူနာပြုနှင့်သားဖွားများသည် အရေးကြီးသော အခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်ကို တွေ့ရှိရကြောင်း၊ သူနာပြုနှင့်သားဖွားများသည်သတ်မှတ်ဝတ်စုံများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီဝတ်စားဆင်ယင်၍ ရောဂါပိုးကာကွယ်ထိန်းချုပ်ရန်၊ ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန်နှင့် လုံခြုံမှုရှိ၍ ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ပြီး ပေါ့ပါးစွာ ဝတ်ဆင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ဖြည့်စွက်မည်ဖြစ်ပါကြောင်း၊ လက်ရှိဝတ်စုံကို အခမ်းအနားတက်ဝတ်စုံအဖြစ်သတ်မှတ်၍လည်းကောင်း၊ လုပ်ငန်းခွင်ဝတ်စုံ(၁)ကို ယခင်ဝတ်စုံထက် ခါးရှည်၍လည်းကောင်း၊ လုပ်ငန်းခွင်ဝတ်စုံ(၂)ကို ကမ္ဘာနှင့်တစ်ဝန်းဝတ်ဆင်သော နှစ်ထပ်ကော်လာနှင့် ဘောင်းဘီရှည်ကို တွဲဖက်ဝတ်ဆင်ပြီး သန့်ရှင်းမှုကိုဖော်ဆောင်သည့်အဖြူရောင်ကို ရွေးချယ်ထားပါကြောင်း၊ ကိုယ်ဝန်ဆောင်များအတွက် ကိုယ်ဝန်ဆောင်အင်္ကျီကိုလည်းကောင်း၊ ချမ်းအေးသော ရာသီဥတုအတွက် အပေါ်ဝတ်အင်္ကျီလက်ရှည်ကိုလည်းကောင်း၊ သူနာပြုဦးဆောင်း(Cap)ကို ရာထူးအဆင့်အလိုက် ခွဲခြားထားမည်ဖြစ်ကြောင်း၊ ဖိနပ်အရောင်မှာလည်း အဖြူရောင်သာ အသုံးပြုသွားမှာဖြစ်ကြောင်း၊ အမျိုးသားသူနာပြုများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ယခင်ဝတ်စုံနှင့် Neck Tie ကို ဖြည့်စွက်ပြီး ပွဲတက်ဝတ်စုံအဖြစ် အသုံးပြုရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွား ဝတ်စုံများအား သူနာပြု၊ သားဖွားများမှ သရုပ်ပြ ဝတ်ဆင်ပြသခဲ့သည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ကိုယ်စားလှယ်များ၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှတာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံများအသင်းမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။






## သူနာပြု/ သားဖွား သင်တန်းကျောင်းမှ ဆရာများ၏ အရည်အသွေးကို မြှင့်တင်ခြင်းနှင့် သင်ရိုးညွှန်းတမ်းများ ဆန်းစစ်မွမ်းမံခြင်း

သူနာပြု/သားဖွား သင်တန်းကျောင်းမှသင်ကြားရေးဆရာများ၏အရည်အသွေး မြှင့်တင်ရန်အတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာသင်တန်း ကို (၁၂-၁၂-၂၀၁၆) မှ (၁၄-၁၂-၂၀၁၆) ရက်နေ့အထိ သူနာပြုသင်တန်းကျောင်း (နေပြည်တော်) တွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် သူနာပြု/သားဖွားသင်တန်းကျောင်းများမှ နည်းပြနှင့် ဒုတိယနည်းပြ (၄၀)ဦး တက်ရောက်ခဲ့ကြပါသည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့်UNFPA, Jhpiego, 3 MDG အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သော ဘက်စုံသားဖွားဒီပလိုမာ သင်ရိုးညွှန်းတမ်းကို ပြန်လည်ဆန်းစစ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် သားဖွားသိပ္ပံ (ပေါင်းကူး) (၂)နှစ် သင်ရိုးညွှန်းတမ်း ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်၊ မင်္ဂလာသီရိ ဟိုတယ်၌ (၁၃-၁၂-၂၀၁၆) မှ (၁၆-၁၂-၂၀၁၆) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။




## အကြိမ် (၄၀)မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲကျင်းပခြင်း

နှစ်စဉ် ဒီဇင်ဘာလ (၁၄) ရက်နေ့သည် National Blood Donor Day ဖြစ်ပါသည်။ အကြိမ် (၄၀) မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို (၁၇-၁၂-၂၀၁၆) ရက်နေ့တွင် သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ၎င်းဂုဏ်ပြုပွဲတွင် သွေးလှူရှင် သံဃာ (၃၃) ပါး၊ အကြိမ် (၁၀၀)အထက် သွေးလှူရှင်(၇၂)ဦး၊ အကြိမ်(၁၀၀)မြောက် သွေးလှူရှင် (၉) ဦး၊ အကြိမ် (၁၀၀) အောက် သွေးလှူရှင် (၃၄၅) ဦးတို့ကို ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အလုပ်သင်ဆရာဝန်များအား လုပ်ငန်းခွင်သို့ မဝင်ရောက်မီ သွေးသွင်းကုသခြင်းနှင့် ပတ်သက်သော Guideline များသိရှိစေရန်အတွက် (၂၇-၁၂-၂၀၁၆) ရက်နေ့တွင် အမျိုးသားသွေးဌာန၌ အလုပ်သင်ဆရာဝန် (၃၅) ဦးအား Common Module သင်တန်း ပို့ချပေးခဲ့ပါသည်။



## သုတေသနဆိုင်ရာသင်တန်းနှင့်အခမ်းအနားများကျင်းပခြင်း

ရန်ကုန်မြို့ရှိဆေးရုံကြီးများ၏ ဆေးရုံလုပ်ငန်းတာဝန်များနှင့် ဆေးရုံတက်လူနာများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် စိတ်ကျေနပ်မှုအခြေအနေနှင့်ပတ်သက်၍ ဆန်းစစ်လေ့လာသည့် သုတေသနလုပ်ငန်းအတွက် အချက်အလက် ကောက်ယူခြင်း သင်တန်း (Data Collection Training for Identifying Hospital Workload and Satisfaction of Inpatients at Tertiary Care Hospitals, Yangon Region, Myanmar) အခမ်းအနားကို (၁၃-၁၂-၂၀၁၆) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန၊ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ (၁)၌ ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနခွဲမှူးများ၊ သင်တန်းဆရာများနှင့် သုတေသနစစ်တမ်းကောက်ယူမည့် သုတေသီပညာရှင် သင်တန်းသား/သင်တန်းသူ (၆၀)ဦးခန့်တက်ရောက်ခဲ့ကြပါသည်။ သင်တန်းပြီးမြောက်ပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန် ခုတင် (၅၀၀) အထူးကုဆေးရုံသစ်ကြီး၊ အရိုးရောဂါကုဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံများသို့ ကွင်းဆင်းသွားရောက်၍ သုတေသနစစ်တမ်းများ ကောက်ယူ ကြမည်ဖြစ်ပါသည်။








ဆေးသုတေသနဦးစီးဌာနသည် အရည်အသွေး အာနိသင်ပြည့်ဝ၍ စိတ်ချရသော မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာပံ့ပိုးကူညီမှုစီမံချက် ပြီးမြောက်ခြင်း အခမ်းအနားကို (၁၄-၁၂-၂၀၁၆)ရက်နေ့တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Antonio Jose Maria de Souza e Silva၊ ဘရာဇီးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းနှင့် Butantan Institute မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သုတေသီပညာရှင်များ၊ အထူးကုဆရာဝန်ကြီးများ၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း (၆၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် (၃)နှစ် ကာလ စီမံချက်အရ မြွေဆိပ်များကို သုတေသန ပြုလုပ်ခြင်း၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုအတွက် ပြန်လည်ဆန်းစစ်အကြံပြုခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဒုတိယအဆင့် စီမံချက်လုပ်ငန်းများအတွက် ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးဓာတုဗေဒဓာတ်ခွဲခန်း(နေပြည်တော်) နိုင်ငံတကာအသိအမှတ်ပြု ISO/IEC 17025: 2005 Accreditation Certificate ရရှိခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းများသည်အစားအသောက်၊ ဆေးဝါး၊ အလှကုန်ဆေးပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးကောင်းမွန်မှု ရှိ/မရှိအား စစ်ဆေးပေးလျက်ရှိပါသည်။ ဆေးဝါးဓာတု ဗေဒဓာတ်ခွဲခန်း(နေပြည်တော်) သည် ဓာတ်ခွဲဝန်ထမ်း (၂၄) ဦးဖြင့် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင် လျှောက်ထားလာသော ဆေးဝါးနမူနာများ၊ စျေးကွက်ဆေးဝါးနမူနာများ၊ အခြားသော ဝန်ကြီးဌာနများမှ ပေးပို့လာသော ဆေးဝါးနမူနာများအား အရည်အသွေး စစ်ဆေးပေးလျက်ရှိပါသည်။

ဤသို့ဆောင်ရွက်ရာတွင် ဓာတ်ခွဲခန်းများ၏ အရည်အသွေး မြှင့်တင်ရေးအတွက် နိုင်ငံတကာမှ ဓာတ်ခွဲကျွမ်းကျင်အတတ်ပညာရှင်များအား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာ အမေရိကန်အခြေစိုက် USP (Promoting the Quality of Medicine - PQM) , USAID, UNOPS နှင့် WHO တို့မှ အကူအညီ အထောက်အပံ့များကို ၂၀၁၃ ခုနှစ်တွင် စတင်ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လမှ စတင်၍ USP (PQM) သည် အစားအသောက်နှင့်ဆေး၀ါးကွပ်ကဲရေးဦးစီးဌာနနှင့် သဘောတူညီမှုစီမံချက် ပြုလုပ်ခဲ့ပြီး ၎င်း သဘောတူညီမှုအရ USP (PQM) မှ ဓာတ်ခွဲကျွမ်းကျင်ပညာရှင်များ (Laboratory Experts) များသည် အကြိမ်များစွာ လာရောက်ခဲ့ပြီး သင်တန်းများပို့ချ၍ ဆေး၀ါး ဓာတုဓာတ်ခွဲခန်း(နေပြည်တော်) အား နိုင်ငံတကာအသိအမှတ်ပြု ISO 17025: 2005 Accreditation ရရှိရန် အစီအစဉ်များရေးဆွဲ၍ ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်မှ National Accreditation Board (ANAB) လက်အောက်ရှိ ANSI-ASQ National Accreditation Board သည် ဆေးဝါးဓာတုဗေဒ ဓာတ်ခွဲခန်း (နေပြည်တော်) သို့ ပဏာမလာရောက် စစ်ဆေးရာတွင် အထူးပင်ပြည့်စုံကောင်းမွန်ကြောင်း တွေ့ရှိရသည့်အတွက် ISO/ IEC 17025: 2005 Accreditation Certificate ကို (၁၃-၁၂-၂၀၁၆) ရက်နေ့တွင် ထုတ်ပေးခဲ့ပြီး ၎င်းတို့၏ Official Website တွင် ထုတ်လွှင့်ခဲ့ပါသည်။ ဆေး၀ါးဓာတုဗေဒဓာတ်ခွဲခန်း(နေပြည်တော်)သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာ အသိအမှတ်ပြု ဆေးဝါး ဓာတ်ခွဲခန်း ဖြစ်ပါသည်။



## ဆေးဆိုင်များစစ်ဆေးခြင်းနှင့် စျေးကွက်ဆေးဝါးနမူနာ ကောက်ယူခြင်း

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဆေးဝါး) ဦးဆောင်သောအဖွဲ့သည် (၃-၁၂-၂၀၁၆) နှင့် (၄-၁၂-၂၀၁၆) ရက်နေ့များတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ရှိ ဆေးဝါးကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းရပ်များကို စိစစ်ကြပ်မတ်ခြင်း၊ စျေးကွက် ဆေးဝါးနမူနာ ကောက်ယူခြင်း၊ ထိန်းချုပ်ဆေးဝါးရောင်းချသည့် ဆေးဆိုင်များစစ်ဆေးခြင်း၊ (၁၆-၁၂-၂၀၁၆) မှ (၁၈-၁၂-၂၀၁၆) ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နှင့် မြိတ်မြို့များရှိ ဆေးဝါး ကြီးကြပ် ကွပ်ကဲရေး လုပ်ငန်းရပ်များကို စိစစ် ကြပ်မတ်ခြင်း၊ စျေးကွက်ဆေးဝါးနမူနာကောက်ယူခြင်းနှင့် ထိန်းချုပ်ဆေးဝါးရောင်းချသည့်ဆေးဆိုင်များအား စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဲခူးမြို့နှင့် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာတို့၌ Good Pharmacy Practice အပါအဝင် ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ပဲခူးမြို့ပေါ်ရှိဆေးဆိုင်များအားကွင်းဆင်း




စစ်ဆေးခြင်း၊ စာသင်ကျောင်း မုန့်စျေးတန်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း စီမံချက်အရ နမူနာကောက်ယူထားသော အစားအသောက်နမူနာများကို ဆိုးဆေးပါဝင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများကျင်းပခြင်း

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် (၂၀၁၆) ခုနှစ် အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဒီဇင်ဘာလ (၁) ရက်နေ့မှ (၃) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၊ လူငယ် လေ့ကျင့်ရေးစခန်း (YTC) ရှိ လက်ဝှေ့လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပ ပြုလုပ်ခဲ့ပြီး အမျိုးသား(၄၉) ကီလိုတန်းမှ (၇၅) ကီလို တန်းအထိ (၇) တန်းပြိုင်ပွဲ၊ အမျိုးသမီး(၄၈) ကီလိုတန်းမှ (၆၀) ကီလိုတန်း အထိ (၅) တန်း ပြိုင်ပွဲများ ကျင်းပခဲ့ရာ ပြည်ထဲရေးအသင်းမှ အကောင်းဆုံးဆု အသီးသီး ဆွတ်ခူးခဲ့ပါသည်။



မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မိတ်ဖက်ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်း ကျင်းပသည့် (၅၈) ကြိမ်မြောက် အမျိုးသား တံခွန်စိုက် ဆုဖလား တာဝေး စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာလ (၂) ရက်နေ့မှ ဒီဇင်ဘာလ (၆) ရက်နေ့အထိ ပုဂံ-မိတ္ထီလာ တာဝေး စက်ဘီးပြိုင်ပွဲ၊ မိတ္ထီလာ-ပျဉ်းမနား တာဝေးစက်ဘီးပြိုင်ပွဲ၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ တစ်ဦးချင်း စံချိန်ပြပြိုင်ပွဲ၊ နေပြည်တော် Mount Pleasant စက်ဘီးအားကစားကွင်း၌ BMX, Down Hill, Cross Country ပြိုင်ပွဲများ ကျင်းပခဲ့ရာ အမျိုးသားတံခွန်စိုက်ဆုဖလားကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(A)အသင်းက ဆွတ်ခူးရရှိခဲ့ပါသည်။

## ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း



ကမ္ဘာ့ကာယဗလအားကစားအဖွဲ့ချုပ်မှ ထိုင်းနိုင်ငံ၊ ပတ္တယားမြို့၌ ကျင်းပသော (၈) ကြိမ်မြောက် World Body Building and Physique Sports Championship ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမား ထွန်းထွန်းအောင်သည် အသက် (၄၀)နှစ် နှင့် အထက် ကမ္ဘာ့မာစတာ (၆၀) ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့်(၅) ရရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် ဒီဇင်ဘာလ (၅)ရက်နေ့မှ (၁၂)ရက်နေ့ အထိကျင်းပ ပြုလုပ် ခဲ့သည့် IBSF World Billiards Championship 2016 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဌေးက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ကြေးတံဆိပ်ဆုကို ရရှိခဲ့ပါသည်။

အာရှပီတန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ 20th Asian Petanque Championship 2016 ပြိုင်ပွဲကို ဒီဇင်ဘာလ (၁၇) ရက်နှင့် (၁၈) ရက်နေ့များတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အိမ်ရှင်မြန်မာ အပါအဝင် ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ လာအို၊ ဂျပန်၊ တရုတ် (တိုင်ပေ)၊ မလေးရှား နိုင်ငံတို့မှ ပြိုင်ပွဲဝင်အင်အား (၁၂၉) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ (A) အသင်းသည် Womens' Triple ပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူး ရရှိပြီး Woman'sShooting ပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးရရှိခဲ့ပါသည်။

## မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပခြင်း

အားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသော စာနယ်ဇင်း ရှင်းလင်းပွဲကို (၁၉-၁၂-၂၀၁၆)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အဖွဲ့ချုပ်များ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ် (၄၈) ခုအနက် ယာယီ ဖွဲ့စည်းခွင့်ပြုပြီး (၄၄)ဖွဲ့၊ ခွင့်ပြုမည့်အဖွဲ့ (၂) ဖွဲ့နှင့် ဆောင်ရွက်ဆဲအဖွဲ့ (၂) ဖွဲ့ရှိပါကြောင်း၊ (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီးတွင် အဖွဲ့ချုပ်များအတည်ပြု ဖွဲ့စည်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီကိုလည်းပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပါသည်။ ထိုကဲ့သို့ပြန်လည်ဖွဲ့စည်းရာတွင် အဖွဲ့ချုပ်များ၏ပကတိအခြေအနေကိုသုံးသပ်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းများရေးဆွဲခြင်း၊ ရွေးချယ်ရေးဆိုင်ရာ ဥပဒေများရေးဆွဲခြင်း ဟူသော အဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# (၂၀၁၆) ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည့် အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား | အခမ်းအနား | (၁၃၅) ဦး |
| ၂ | အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်မှုလုပ်ငန်းအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးခြင်း | သင်တန်း | (၆၀) ဦး |
| ၃ | မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အစိုးရဆေးရုံ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများအား ညှိနှိုင်းဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀) ဦး |
| ၄ | အိပ်ချ်အိုင်ဗွီနည်းပညာပိုင်းဆိုင်ရာပံ့ပိုးရေးအဖွဲ့အစည်းအဝေး(Core HIV TSG Meeting) | အစည်းအဝေး | (၃၀) ဦး |
| ၅ | အေအာတီ (ART) ဆေးကုသခြင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အထူးကုဆရာဝန်ကြီးများအား သင်တန်းပေးခြင်း (ART Training for Specialists) | သင်တန်း | (၃၀) ဦး |
| ၆ | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများအား လက္ခဏာပေါင်းစုအပေါ်အခြေခံ၍ ကုသခြင်းဆိုင်ရာ သင်တန်းများပေးခြင်း | သင်တန်း | (၄၅) ဦး |

### အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | တီဘီဆေးနှင့်ဆေးပစ္စည်းများဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၂၄) ဦး |
| ၂ | တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာနှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်တန်း | သင်တန်း | (၁၃၈) ဦး |
| ၃ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၁၇၅) ဦး |
| ၄ | ခရိုင်အဆင့် တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၂၉) ဦး |
| ၅ | ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းပုံစံများ သင်တန်း | သင်တန်း | (၆၂) ဦး |
| ၆ | GeneXpert သင်တန်း | သင်တန်း | (၃၈) ဦး |
| ၇ | ပြည်သူ့ဆေးရုံကြီးများတွင် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၆၀) ဦး |
| ၈ | ဓါတ်ခွဲဝန်ထမ်းများအတွက် သလိပ်မှန်ဘီလူးကြည့် တီဘီဓါတ်ခွဲသင်တန်း | သင်တန်း | (၁၃၈) ဦး |
| ၉ | အရှိန်အဟုန်မြှင့် တီဘီရောဂါရှာဖွေခြင်းအတွက် ရွေ့လျားအဖွဲ့များ (TB-ACF Mobile Team) ဖြင့် ဆောင်ရွက်ရာတွင် ဓါတ်မှန်ဖတ်ခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၁၆) ဦး |
| ၁၀ | တိုင်းဒေသကြီး/ပြည်နယ် တီဘီဆရာဝန်ကြီးများနှင့် သုံးလပါတ်လုပ်ငန်းများ စီမံချက်ရေးဆွဲခြင်း | အစည်းအဝေး | (၄၅) ဦး |
| ၁၁ | (၂၀၁၅) ခုနှစ်အတွက် ဗဟိုအဆင့်နှစ်ပါတ်လည် ဆေးယဉ်ပါးတီဘီလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အစည်းအဝေး | (၁၂၀) ဦး |
| ၁၂ | (၂၀၁၅) ခုနှစ်အတွက် Public Public Mix DOTS (PPM-DOTS)ဆေးရုံကြီးများ၏ နှစ်ပတ်လည် တီဘီလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၈၃) ဦး |
| ၁၃ | (၂၀၁၆) ခုနှစ်အတွက် အရှိန်အဟုန်မြှင့် တီဘီရောဂါရှာဖွေခြင်းဆိုင်ရာ နှစ်ပတ်လည်ဆန်းစစ်အစည်းအဝေး (TB ACF Annual Review Meeting ) | အစည်းအဝေး | (၅၉) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁၄ | (၂၀၁၇-၂၀၁၈) ခုနှစ်တွင် နိုင်ငံတစ်ဝန်း တီဘီရောဂါ စစ်တမ်းကောက်ယူရန် ကြိုတင်ညှိနှိုင်းခြင်း | အစည်းအဝေး | (၁၅) ဦး |
| ၁၅ | မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၁၆ | ဗဟိုအဆင့် တီဘီ/အိပ်ချ်အိုင်ဗွီ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၆) | အစည်းအဝေး | (၁၁၀) ဦး |

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ရပကန/ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (၂၀၁၆) | အလုပ်ရုံဆွေးနွေးပွဲ | (၈၈) ဦး |
| ၂ | အဏုကြည့်မှန်ဘီလူးဖြင့် ငှက်ဖျားရောဂါရှာဖွေစစ်ဆေးခြင်း အခြေခံသင်တန်း | သင်တန်း | (၂၄) ဦး |

## မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်း

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်း(ချောက်၊ စလင်း၊ ရေစကြို) | သင်တန်း | (၁၃၂) ဦး |

## အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ဗဟိုအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ | အစည်းအဝေး | (၆၅) ဦး |
| ၂ | အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစေရေး အလုပ်ရုံဆွေးနွေးပွဲ<br>စုစုပေါင်း (၇) ကြိမ် | အလုပ်ရုံဆွေးနွေးပွဲ | (၃၄၃) ဦး |

## မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၀) ဦး |
| ၂ | တောင်ကြီးမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်ရှိ ဆရာဝန်များအတွက် အတက်ရောဂါကုသခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၅၁) ဦး |
| ၃ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အတက်ရောဂါကုသခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၁၈၇) ဦး |
| ၄ | အရံသားဖွားများနှင့် လူထုကျန်းမာရေးလုပ်သားများအတွက် အတက်ရောဂါကုသခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၁၆၀) ဦး |
| ၅ | မြန်မာနိုင်ငံအတက်ရောဂါစီမံချက်၏ နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ | အစည်းအဝေး | (၅၈) ဦး |
| ၆ | မြန်မာနိုင်ငံအတက်ရောဂါစီမံချက်လစဉ်ကော်မတီအစည်းအဝေးပွဲ | အစည်းအဝေး | (၁၅) ဦး |
| ၇ | လူထုအခြေပြုမသန်စွမ်းမှုကာကွယ်ရေးသင်တန်း (တောင်ကြီးမြို့နယ်) | သင်တန်း | (၁၇၈) ဦး |
| ၈ | လူထုအခြေပြုမသန်စွမ်းမှုကာကွယ်ရေးသင်တန်း (ပဲခူးမြို့နယ်) | သင်တန်း | (၁၅၆) ဦး |
| ၉ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၏ အခြေခံအသက်ကယ်ပြုစုနည်းသင်တန်း | သင်တန်း | (၁၂၀) ဦး |
| ၁၀ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၏ လေးဘက်နာနှလုံးရောဂါဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၂၀) ဦး |
| ၁၁ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၏ သွေးတိုးရောဂါဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၂၀) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁၂ | ဆရာဝန်များနှင့်လူထုကျန်းမာရေးလုပ်သားများအတွက် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသခြင်းသင်တန်း (ရန်ကုန်မြို့) | သင်တန်း | (၁၀၀) ဦး |
| ၁၃ | ဆရာဝန်များနှင့်လူထုကျန်းမာရေးလုပ်သားများအတွက် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသခြင်းသင်တန်း (ပြည်မြို့) | သင်တန်း | (၇၅) ဦး |

## အခြေခံကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | တိုင်းဒေသကြီးအဆင့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအသိပေးရှင်းလင်းပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၀၀) ဦး |
| ၂ | တိုင်းဒေသကြီးအဆင့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုသင်တန်း | သင်တန်း | (၆၀) ဦး |
| ၃ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုထိန်းချုပ်ရေးဥပဒေ(၂၀၀၆)ကို ပြန်လည်ပြင်ဆင်ခြင်း ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၂) ဦး |

## အာဟာရဖွံ့ဖြိုးရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Curriculum related Knowledge in Microbiology/ Nutrition & Midwifery Faculty Members အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂) ဦး |
| ၂ | ဆန်တွင် အဏုအာဟာရဖြည့်စွက်ခြင်းလုပ်ငန်းအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၁၇) ဦး |
| ၃ | Essential Nutrition Action သင်တန်း | သင်တန်း | (၂၀) ဦး |
| ၄ | မြန်မာနိုင်ငံ အဏုအာဟာရနှင့်အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း စာရင်းကောက်လုပ်ငန်းများအတွက် ဆရာဖြစ်သင်တန်း (TOT Training) | သင်တန်း | (၇၇) ဦး |

## မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မျိုးဆက်ပွားကျန်းမာရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၂ | Consensus Building Workshop for Family Planning 2020 အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၁) ဦး |
| ၃ | ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံဆွေးနွေးခြင်းသင်တန်း | သင်တန်း | (၃၅) ဦး |
| ၄ | မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း (Maternal Death Surveillence Response - MDSR) အသိပေးဆွေးနွေးပွဲနှင့် သင်တန်းများ (ဧရာဝတီ၊ တနင်္သာရီ၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး၊ မွန်၊ ကရင်၊ ကယားနှင့် ကချင်ပြည်နယ်၊ နေပြည်တော်) | အသိပေးဆွေးနွေးပွဲနှင့်သင်တန်း | (၄၆၉) ဦး |
| ၅ | မျိုးဆက်ပွားကျန်းမာရေးဆေးဝါးပစ္စည်းထောက်ပံ့ဖြန့်ဖြူးရေးစနစ် (Reproductive Health Commodity Logistics System - RHCLS) ဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများ (မွန်နှင့် ကရင်ပြည်နယ်) | သင်တန်း | (၇၃၅) ဦး |

### ကလေးကျန်းမာရေးဖွံ့ဖြိုးရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့်တုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးဆွေးနွေးခြင်း | အလုပ်ရုံဆွေးနွေးပွဲ | (၇၉) ဦး |
| ၂ | တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း | သင်တန်း | (၃၄) ဦး |

### ကျောင်းကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | National Consultative Meeting for Comprehensive School Health Program အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀) ဦး |
| ၂ | နှစ်ပတ်လည် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆန်းစစ်ညှိနှိုင်းဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၅၀) ဦး |
| ၃ | ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ခြင်းဆရာဖြစ်သင်တန်း | သင်တန်း | (၆၀) ဦး |

### ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ဆောင်ရွက်ရေးဆိုင်ရာ အဓိကသက်ဆိုင်သူများအဖွဲ့ အစည်းအဝေး | အစည်းအဝေး | (၂၆) ဦး |

### ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေ အသစ်ပြန်လည်ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၂ | One Health၊ ဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးစီမံချက်၊ ကမ္ဘာ့လူတုပ်ကွေးစီမံချက်တို့နှင့်စပ်လျဉ်း၍ ပညာရပ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၃ | ဖိုင်းရပ်စ်စီ အသည်းရောင်ကူးစက်ရောဂါ ကုသရေးလမ်းညွှန်ချက်များကို ဖြည့်စွက်မွမ်းမံပြင်ဆင်ခြင်း | အစည်းအဝေး | (၁၅) ဦး |
| ၄ | ဖိုင်းရပ်စ်စီ အသည်းရောင်ကူးစက်ရောဂါ ဓာတ်ခွဲအတည်ပြုခြင်းဆိုင်ရာ အစည်းအဝေး | အစည်းအဝေး | (၁၈) ဦး |
| ၅ | တုပ်ကွေးဆန်သော ဖျားနာရောဂါနှင့် ရုတ်တရက်ပြင်းထန်အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ လူတုပ်ကွေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဆိုင်ရာသင်တန်း (လားရှိုး၊ မန္တလေး) | သင်တန်း | (၆၀) ဦး |

### တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ပိုလီယိုရောဂါပိုးပပျောက်ရေးအမျိုးသားအဆင့်အသိအမှတ်ပြုကော်မတီအစည်းအဝေး (၂/၂၀၁၆) | အစည်းအဝေး | (၃၀) ဦး |

### စီမံကိန်းဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ရေးဆွဲခြင်းလုပ်ငန်းစဉ် (NHP Formulation Process at a Glance) ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၃၀) ဦး |
| ၂ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လက်ထောက်ဆရာဝန်များ ပြောင်းရွှေ့ခန့်ထားရေးအတွက် အခြေခံမူ (မူကြမ်း) အပေါ် ဆွေးနွေးအကြံပြုခြင်း | အစည်းအဝေး | (၂၀) ဦး |

### ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အီလက်ထရောနစ် ပြည်သူ့ကျန်းမာရေးသတင်းစနစ် (E- HMIS/ DHIS2 Software) အသုံးပြုရန် သင်တန်းပေးခြင်း (မကွေးနှင့်ထားဝယ်) | သင်တန်း | (၇၅) ဦး |
| ၂ | DHIS2 Software အသုံးပြု၍ဆောင်ရွက်မည့် E-HMIS လုပ်ငန်းအကြောင်းအသိပေးဆွေးနွေးခြင်း | အလုပ်ရုံဆွေးနွေးပွဲ | (၆၈) ဦး |

## ကုသရေးဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းကျန်းမာရေးစစ်တမ်းကောက်ယူမည့်အစီအစဉ်နှင့်ပတ်သက်သည့်အစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၂ | ဆေးဝါးဓာတ်တုန့်ပြန်မှုအပေါ် သက်ဆိုင်ရာကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၃ | ပြည်သူ့ဆေးရုံသို့ ကွင်းဆင်းစစ်ဆေးသည့် အဖွဲ့များ၏ တွေ့ရှိချက်များနှင့် ပတ်သက်သည့် အစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၄ | ကုသရေးဦးစီးဌာနအဆင့်ဆင့်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ အစည်းအဝေး | အစည်းအဝေး | (၁၆) ဦး |
| ၅ | အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန၏ Hepatitis Situation Diagnosis အတွက်အစည်းအဝေး | အစည်းအဝေး | (၆) ဦး |
| ၆ | မြန်မာနိုင်ငံအမျိုးသားအဆင့်ကျန်းမာရေး ဓာတ်ခွဲခန်းများမူဝါဒမိတ်ဆက်ဖြန့်ဝေခြင်း | ဖြန့်ဝေခြင်း | (၅၃) ဦး |
| ၇ | Niigata University မှ တာဝန်ရှိသူများ နှင့် ကျမ်းပြုစုခြင်းဆိုင်ရာကျင့်ဝတ်ကော်မတီအစည်းအဝေး | အစည်းအဝေး | (၁၂) ဦး |
| ၈ | Myanmar Oxford Research Center မှ တာဝန်ရှိသူများနှင့်ဓာတ်ခွဲလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး | အစည်းအဝေး | (၁၀) ဦး |
| ၉ | Hepatitis C infection ကုသခြင်းနည်းလမ်းများဆိုင်ရာအစည်းအဝေး | အစည်းအဝေး | (၂၃) ဦး |
| ၁၀ | အကြိမ် (၄၀) မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲ | ဂုဏ်ပြုပွဲ | (၄၅၉) ဦး |
| ၁၁ | အလုပ်သင်ဆရာဝန်များ လုပ်ငန်းခွင်မဝင်မီ သွေးသွင်းကုသခြင်းနှင့် ပတ်သက်သော guidelines များ သိရှိစေရန်သင်ကြားပေးသည့် သင်တန်း | သင်တန်း | (၃၅) ဦး |
| ၁၂ | ဓါတ်ခွဲစစ်ဆေးမှု (ပထမတန်း) သင်တန်းသားများအား သွေးအုပ်စုများခွဲခြားခြင်း၊ သွေးနှင့် သွေးပစ္စည်း ခွဲထုတ်ပြင်ဆင်ခြင်းနှင့်ပတ်သတ်သော ဓါတ်ခွဲစစ်ဆေးမှုသင်တန်း | သင်တန်း | (၄) ဦး |
| ၁၃ | ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ကာ တိုးတက်ကောင်းမွန်အောင် ပြုပြင် ဆောင်ရွက်နိုင်ရန် ဌာနအတွင်း အစည်းအဝေး | အစည်းအဝေး | (၉၀) ဦး |

## ဆေးသုတေသနဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Symposium on Medical Ethics (Knowledge to practice) အစည်းအဝေး | အစည်းအဝေး | (၂၅၀) ဦး |
| ၂ | Wet Lab demonstration on DNA methylation သင်တန်း | သင်တန်း | (၃၀) ဦး |
| ၃ | Ethics Review Committee Meeting (24/2016) အစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၄ | Ethics Review Committee Meeting (25/2016) အစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၅ | Data Collection Training for "Identifying Hospital Workload and Satisfaction of Inpatients at Tertiary Care Hospitals in Yangon Region" သင်တန်း | သင်တန်း | (၆၀) ဦး |

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အစိအစဉ်ဖြင့် သွားရောက်ရန် အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၅) ဦး |
| ၂ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်နှင့် နော်ဝေနိုင်ငံ University of Oslo (The NORHED Project, MY-NORTH) တို့ပူးပေါင်း၍ Health Management Information Systems for Master Students - MPH and M.Med.Sc (HA&HM) အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၅) ဦး |
| ၃ | သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် WHO တို့ ပူးပေါင်းဆောင်ရွက်သော "Training Workshop on Curriculum-related Knowledge in Microbiology/ Pharmacology/ Nutrition for Nursing and Midwifery Faculty Members" အလုပ်ရုံ ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၂) ဦး |

## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | The FAO National Training Course: "Strengthening Food Safety Standard Setting and Effective Participation in Codex Activities in Myanmar" သင်တန်း | သင်တန်း | (၃၅) ဦး |
| ၂ | ASEAN Cosmetic Directive နှင့်သက်ဆိုင်သောအသိပညာများနှီးနှောဖလှယ်ဆွေးနွေးခြင်း | အစည်းအဝေး | (၂၉) ဦး |
| ၃ | Medical Device Good Manufacturing Practices အကြောင်း အသိပညာများနှီးနှောဖလှယ်ဆွေးနွေးခြင်း | အစည်းအဝေး | (၂၉) ဦး |
| ၄ | ဆေးပစ္စည်းကိရိယာမူကြမ်းရေးဆွဲရေးကော်မတီအစည်းအဝေး | အစည်းအဝေး | (၃၀)ဦး |
| ၅ | Measurement Uncertainty in Food Microbiology သင်တန်း | သင်တန်း | (၂၅) ဦး |
| ၆ | Portable Pharmaceutical Manufacturing Solutions သင်တန်း | သင်တန်း | (၁၃) ဦး |
| ၇ | UPLC (Shimadzu) စက်အားအသုံးပြု၍ ဌက်ဖျားဆေးဝါးများ၏ အရည်အသွေးစမ်းသပ်စစ်ဆေးနည်း သင်တန်း | သင်တန်း | (၁၀) ဦး |
| ၈ | Agilent Technologies ၏ Analytical Instrument နှင့်ပတ်သက်သည့်အစည်းအဝေး | အစည်းအဝေး | (၂၂) ဦး |

## တိုင်းရင်းဆေးပညာဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးအစီအစဉ်၊ ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီး၊ နေပြည်တော် (မန်းနှင့်အနာပေါက်) | ဟောပြောပွဲ | (၁၀၀) ဦး |
| ၂ | စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးအစီအစဉ်၊ ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီး၊ နေပြည်တော် (အမျိုးသမီးနှင့်သွေးဆုံးခြင်း) | ဟောပြောပွဲ | (၇၀) ဦး |
| ၃ | (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး/ အဆိုပြုချက်/ထောက်ခံချက် ကြိုတင်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၆၀) ဦး |

## အားကစားနှင့်ကာယပညာဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | (၂၀) ကြိမ်မြောက် အာဆီယံပီတန်းဖိတ်ခေါ်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးပေါင်းစပ်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၀)ဦး |

## ပြည်ပသို့အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းများစေလွှတ်မှုအခြေအနေ

## (၂၀၁၆ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ)

| စဉ် | ဦးစီးဌာန | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ | သင်တန်း | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | Degree | Non-Degree | | |
| | | | | (၆လ)အောက် | (၆လ)အထက် | |
| ၁ | ဝန်ကြီးရုံး | ၁၃ | - | - | - | ၁၃ |
| ၂ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၂၅၅ | ၁၀ | ၂၆ | ၁ | ၂၉၂ |
| ၃ | ကုသရေးဦးစီးဌာန | ၃၈၃ | ၉ | ၁၁၅ | ၈ | ၅၁၅ |
| ၄ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၂၉၆ | ၆ | ၄၂ | ၄ | ၃၄၈ |
| ၅ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၇၇ | - | ၇ | - | ၈၄ |
| ၆ | ဆေးသုတေသနဦးစီးဌာန | ၅၈ | ၁ | ၅ | - | ၆၄ |
| ၇ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၃၀ | - | ၄ | - | ၃၅ |
| ၈ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၅၄ | ၁ | - | ၃ | ၅၈ |
| | စုစုပေါင်း | ၁၁၆၇ | ၂၇ | ၁၉၉ | ၁၆ | ၁၄၀၉ |

**သတင်းလွှာ၏ဆောင်ပုဒ်**

“သတင်းလွှာ၏ အရည်အသွေးနှင့်ပြည့်စုံမှုသည် ဆက်လက်ထုတ်ဝေရင်း ပိုမိုတိုးတက်ကောင်းမွန်လာရမည်"

**သတင်းလွှာ၏ရည်ရွယ်ချက်**

“ဤသတင်းလွှာမှတဆင့်ကျွန်ုပ်တို့၏ မျှော်မှန်းချက်၊ အတွေးအမြင်တို့ကို မျှဝေကာ သဘောထားညီညွတ်စွာဖြင့် ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက်ကြိုးပမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ပါသည်”

## Effective Technical Monitoring and Efficient Budget Handling

**The year 2017 will be a year of “technical monitoring of performance of health programs together with efficient handling of budget in the Ministry of Health and Sports (MoHS)”. Budget will be appropriately and rationally allocated while reducing wastage and misappropriation. The reason behind this is that Myanmar is not a rich country and therefore we need to achieve more output and outcome with a reasonable amount of money invested.**

**To obtain this scenario, we have to increase the efficiency and effectiveness of budget handling processes, both the government budget and the financial support received from external agencies, organizations and development partners. This should be supplemented by conducting effective internal review and technical assessment of programs regularly. Every level of health care service professionals must have this notion deeply ingrained in their minds. Allocation of budget must also follow the principles and practice of “Good Public Health Ethics”. We need to think collectively and rack our brains to achieve to this end. There are several avenues that we can contemplate: such as efficient and effective procurement of supplies and equipment, built-in monitoring system and proper management of budgetary aspect of several health programs of MoHS.**

**The need to increase financial knowledge and handling of budget adhering to existing rules and regulations of the government as well as conforming to international standards and criteria is desirable. The best way to achieve the points alluded above is to share knowledge and experiences of good financial management among the staff of MoHS. The ultimate objective, however, is to obtain big dividends using the least amount of budget. Concerned financial and budget experts from MoHS should lead the show under close supervision and guidance of senior officials of MoHS. Composite monitoring and evaluation of health programs will be carried out throughout the year using check-lists, Focus Group Discussions and other appropriate means.**

***(Excerpt from one of the speeches delivered to health staff by Dr Myint Htwe, Union Minister for Health and Sports)***


**ဆက်သွယ်ရန်လိပ်စာ**

**(အကြံပြုချက်များပေးပို့နိုင်ပါသည်)**

ရုံးအမှတ် (၄)နှင့် (၄၇)၊

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊နေပြည်တော်။

ဖုန်း - ၀၆၇ ၄၃၁၀၈၀၀၊ ၀၆၇ ၄၁၁၃၅၃၊

ဖက်စ် - ၀၆၇ ၄၃၁၃၆၉

**Email : contact@mohs.gov.mm**

**Website : www.mohs.gov.mm**





**အယ်ဒီတာအဖွဲ့**

**အယ်ဒီတာချုပ်**

ဒေါ်အေးအေးစိန် (ဒုတိယညွှန်ကြားရေးမှူးချုပ်-စီမံ/ဘဏ္ဍာ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**တာဝန်ခံအယ်ဒီတာ**

ဒေါက်တာစုစုလင်း (ဒုတိယညွှန်ကြားရေးမှူး)၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ

**အယ်ဒီတာအဖွဲ့ဝင်များ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ဒေါက်တာဖြူဖြူအေး (ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါက်တာလွင်လွင်အေး (လ/ထညွှန်ကြားရေးမှူး)၊
ဒေါ်အိအိဆွေ (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာယမင်းသောင်း (လ/ထညွှန်ကြားရေးမှူး)၊
ဒေါက်တာထူးမြင့်ဆွေ (လ/ထဆရာဝန်)

**ကုသရေးဦးစီးဌာန**

ဒေါက်တာမျိုးသူဇာ (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာရွှယ်နုနုခင် (လ/ထညွှန်ကြားရေးမှူး)

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

ဒေါက်တာဝင်းကိုကိုသိန်း (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာဝင်းမြမြထွဋ် (ဌာနစုမှူး)

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

ဒေါက်တာနှင်းနန္ဒာကျော် (လ/ထညွှန်ကြားရေးမှူး)

**ဆေးသုတေသနဦးစီးဌာန**

ဒေါက်တာယဉ်သက်နုဦး (သုတေသနမှူး)၊ ဒေါက်တာစုလတ်ထွန်းမြင့် (သုတေသနအရာရှိ)

**တိုင်းရင်းဆေးပညာဦးစီးဌာန**

ဒေါက်တာယဉ်လှဲ့ဝေ (လ/ထညွှန်ကြားရေးမှူး)

**အားကစားနှင့်ကာယပညာဦးစီးဌာန**

ဦးထွန်းသန့် (ဒုတိယညွှန်ကြားရေးမှူး)